# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၃၆)

## နအဖ ဗိုလ်ချုပ်တွေကို တရားဝင် လူသတ်လိုင်စင်ပေးထားတဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ

နအဖ ဟာ သူ့ရဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ၂၀၀၈ ခုနှစ်မှာ ဇွတ်အတင်း အတည်ပြု၊ အဲဒီ ဖွဲ့စည်းပုံအပေါ် အခြေခံပြီး၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲကျင်းပဘို့ ပြင်ဆင် စသဖြင့် နိုင်ငံရေးခြေလှမ်းတွေ တလှမ်းပြီး တလှမ်းဆက်လှမ်းပြလိုက်ပါတယ်။ ဘယ်လိုဘဲ လှမ်းလှမ်း၊ ဖွဲ့စည်းပုံမျက်လှည့်တွေ ဘယ်လိုဘဲပြပြ လည်ထွက်မသွားဘဲ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရရှိရေးအတွက်၊ စစ်အာဏာရှင် စနစ်ကို မျက်ခြေမပြတ်စတမ်း ဆက်တိုက်သွားမယ့် အဖွဲ့အစည်းတွေ၊ လှုပ်ရှားတက်ကြွသူတွေ ခိုင်ခိုင်မတ်မတ်ရှိနေကြသေးတယ်။

တချိန်ထဲမှာ တချို့အဖွဲ့အစည်းတွေ ပြည်သူတွေအကြားမှာ ဝေဝါးမှုတွေရှိလာတယ်။ နအဖကို ပြုတ်အောင်တိုက်လို့ မရနိုင်တော့ဘူးဆိုတဲ့ လေသံထွက်သူတွေထွက်၊ စစ်အာဏာရှင်စနစ်ဟာ မြန်မာနိုင်ငံမှာ တသက်လုံးတည်မြဲတော့မှာဘဲဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ ကိုယ့်အချင်းချင်း တီးတိုးစကားဆိုသူဆို၊ နအဖ စိတ်ဆိုးစေမယ့် နိုင်ငံရေးခြေလှမ်းတွေကို မလှမ်းကြပါနဲ့ ဆိုပြီး ကြောက်ကြောက်လန့်လန့်နဲ့ တားသူတား၊ နာဂစ်ဖွဲ့စည်းပုံကြီး ကမ္ဘာတည်သ၍ တည်တော့မလို နအဖနောက် သံယောင်လိုက်သူလိုက်၊ ဖြစ်ကြတာတွေလည်း တွေ့ရတယ်။

သည် ပုဂ္ဂိုလ်တွေဟာ လောကမှာ ဘယ်အရာမှမမြဲဘဲ ဖြစ်ပျက်ပြောင်းလဲနေတယ်ဆိုတဲ့ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ အနတ္တ တရားကို သတိပြုမိဟန် မတူတော့ဘူး။ စစ်အာဏာရှင်စနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ထည့်သွင်း ပြဋ္ဌာန်းပြီး တိုင်းပြည်ကို ရေရှည်အုပ်ချုပ်သွားနိုင်တဲ့ နိုင်ငံရယ်လို့ ကမ္ဘာမှာ တခုမှ မရှိဘူးဆိုတာလည်း လေ့လာမိပုံမရဘူး။ မဲဆန္ဒပေးပိုင်ခွင့် ရှိသူတွေရဲ့ ၉၇ ဒသမ သုံးရာခိုင်နှုန်းနဲ့ အတည်ပြုတယ်လို့ လိမ်လည်ကြေငြာခဲ့တဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး သမိုင်းအမှိုက်ခြင်းထဲရောက်သွားခဲ့ပြီဆိုတာကိုလည်း မမြင်နိုင်တော့ဘူး။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်တဲ့ နအဖက ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲအတွက် ပြင်ဆင်မှုတွေ စလုပ်နေချိန်မှာ ၁၉၉၇ ခုနှစ်ဇူလိုင်လတုံးက လိုက်ဘေးရီးယားနိုင်ငံမှာ အလားတူကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကိုသွားပြီး သတိရမိပါတယ်။ လိုက်ဘေးရီးယားရဲ့ အဲဒီ သမတရွေးကောက်ပွဲအပြီးမှာ အာဏာရှင် ချားလ်စ်တေလာက မဲပေးပိုင်ခွင့်ရှိသူတွေရဲ့ ၇၅ ရာခိုင်နှုန်းကျော်ရဲ့ ဆန္ဒမဲနဲ့ အနိုင်ရတယ်လို့ ကြေငြာပြီး တိုင်းပြည်ကို အုပ်ချုပ်ခဲ့တာပါ။ အခုမြန်မာနိုင်ငံမှာ ဘက်ပေါင်းစုံက အခြေအနေဆိုးသလို လိုက်ဘေးရီးယားနိုင်ငံရဲ့ အခြေအနေဟာလည်း အဲသည်တုံးက သည်ထက်မက ဆိုးဝါးခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ခုနှစ်နှစ်ခန့် လောက်အထိကို ချားလ်းစ်တေလာရဲ့ အာဏာရှင်အုပ်ချုပ်မှုစနစ်ကို မလှန်နိုင်ခဲ့ကြပါဘူး။ အဲဒီကာလအထိ လိုက်ဘေးရီးယားနိုင်ငံ ပြောင်းလဲသွားလိမ့်မယ်လို့ ဘယ်သူကမှ မတွက်နိုင်ခဲ့ကြဘူး။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက လိုက်ဘေးရီးယားကို လူ့အခွင့်အရေးချိုးဖေါက်မှု အခြေအနေအဆိုးဝါးဆုံးတိုင်းပြည်တွေရဲ့ စါရင်းမှာ ထည့်သွင်းထားခဲ့ရပါတယ်။

ယနေ့ဆိုရင် လိုက်ဘေးရီးယားဟာ ပြောင်းလဲသွားခဲ့ပါပြီ။ ၂၀၀၅ ခုနှစ် နိုဝင်ဘာမှာ ကမ္ဘာက အသိအမှတ်ပြုတဲ့ ရွေးကောက်ပွဲကနေ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့ ပညာတတ်အမျိုးသမီး သမတကြီး တဦးက တိုင်းပြည်ကို အုပ်ချုပ်နေပါပြီ။ ဒီမိုကရေစီရေး ပြုပြင် ပြောင်းလဲမှုတွေ ဆက်တိုက် အကောင်အထည်ဖေါ်နိုင်တဲ့အဆင့်ကို ရောက်နေပါပြီ။ ချားလ်စ်တေလာ ရဲ့ အုပ်ချုပ်မှု နိဂုံးချုပ်သွားခဲ့ရပြီ။

ထွက်ပြေးသွားတဲ့ ချားလ်စ်တေလာကို လက်ခံခိုလှုံခွင့်ပြုထားခဲ့တဲ့ နိုင်ဂျီးရီးယားနိုင်ငံက ၂၀၀၆ ခုနှစ်မှာ ပြန်လည်လွှဲအပ် ပေးတာကြောင့် ချားလ်စ်တေလာကို ၂၀၀၇ ခုနှစ် ဇွန်လမှာ နယ်သာလင်နိုင်ငံ၊ ဟိတ်မြို့က နိုင်ငံတကာခုံရုံးမှာ ရုံးတင်ခဲ့တယ်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှာတော့ သူဟာ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ ပြစ်မှု Crime Against Humanity ကို ကျူးလွန်ခဲ့ကြောင်းနဲ့ စတင်စွဲဆိုစစ်ဆေး ခံနေရပါပြီ။ တိုက်တိုက်ဆိုင်ဆိုင်လို့ဘဲ ပြောရပါလိမ့်မယ်။ မြန်မာနိုင်ငံမှာ နအဖ ကျူးလွန်တဲ့ ပြစ်မှုကြီးတွေဟာ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ ပြစ်မှုဘောင်ထဲမှာ အကြုံးဝင်ကြောင်းနဲ့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးက ၂၀၀၈ ခုနှစ် မေလထဲမှာ အစီရင်ခံစါ တစောင် ထုတ်ပြန်လိုက်ပါတယ်။

၁၉၉၇ ခုနှစ် ရွေးကောက်ပွဲမှာ အနိုင်ရကြောင်းကြေငြာပြီး သူ့ကိုယ်သူ သမတတင်မြှောက်ခဲ့တဲ့ အာဏာရှင် ချာလ်းစ်တေလာ၊ ၂၀၀၇ ခုနှစ်ရောက်တော့ နိုင်ငံတကာခုံရုံးမှာ ရာဇဝတ်ကောင်အဖြစ် ရုံးတင်ခံနေရသလို နအဖ ဗိုလ်ချုပ်ကြီးတွေထဲက ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပါအဝင် ပြစ်မှုကြီးတွေ ကျူးလွန်ထားတဲ့ စစ်ခေါင်းဆောင်တွေရဲ့ အလှည့် ရောက်ကို ရောက်မှာဖြစ်ပါတယ်။ ၂၀၁၀ မှာ နအဖ ကျင်းပမယ့် ရွေးကောက်ပွဲကို ဘာတခုမှ အထင်မကြီးသင့်၊ မမြှော်လင့်သင့်ပါ။ ဇင်ဘာဘွေနိုင်ငံမှာ ယခု ရက်ပိုင်းကလေးကတင် ကျင်းပပြီးစီးသွားတဲ့ ရောဘတ်မူဂါဘီရဲ့ ရွေးကောက်ပွဲ ထက်ပိုပြီးဆိုးဘို့သာ ရှိတယ်။ ကောင်းဘို့ မရှိနိုင်ပါ။

စစ်အာဏာရှင်တွေ ရာသက်ပန်များတည်မြဲမလားဆိုပြီး ကိုးကွယ်ဆည်းကပ်ဘို့ ကြိုးစားသူတွေစဉ်းစားဘို့ ကောင်းတာရှိပါတယ်။ အဲဒါကတော့ **ကြီးမားတဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်ထားတဲ့ မြန်မာနိုင်ငံက စစ်ခေါင်းဆောင်တွေဟာ သဲပုံစေတီတွေသာ ဖြစ်တယ်၊ ရာသက်ပန် တည်မြဲဘို့ဝေးလို့ နိုင်ငံတကာခုံရုံးမှာ အမှုရင်ဆိုင်ရာမှာကို ကြောက်ဒူး တုန်နေကြသူတွေဖြစ်တယ်** ဆိုတာပါဘဲ။ အဲဒီအချက်ကို သူတို့ရဲ့ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၄၄၅) မှာပါရှိတဲ့ အောက်ပါ ပြဋ္ဌာန်းချက် နဲ့ သက်သေပြပါမယ်။

> ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ မူဝါဒ လမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်း မျဉ်းများ၊ အမိန့်ပြန်တမ်းများ၊ ကြေငြာချက်များကို လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့် များကိုလည်းကောင်း၊ ဆက်ခံသည်။ ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင်တဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျှက် ယင်းတို့အား တရားစွဲဆိုခြင်း အရေးယူခြင်းမရှိရ။

အဲဒီ ပြဋ္ဌာန်းချက်ရဲ့ ဒုတိယစါ ကြောင်းက နဝတနဲ့ နအဖ အဖွဲ့ဝင်တွေ အနေနဲ့ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတဲ့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ နအဖရဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သည်ပြဋ္ဌာန်းချက်ဟာ အထူးခြားဆုံးလို့ ပြောရမှာပါဘဲ။ ဘာကြောင့်လဲ ဆိုတာရှင်းပါမယ်။

မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးပြီးခြင်းမှာဘဲ ဇူလိုင် ခုနှစ်ရက် ကျောင်းသား ဆန္ဒပြမှုကြီး ဖြစ်တဲ့အခါ အာဏာရှင်တွေဟာ ရာနဲ့ချီတဲ့ကျောင်းသားတွေကို တနိုင်ငံလုံးရှေ့မှာ ပေါ်ပေါ်ထင်ထင် သတ်ဖြတ်ခဲ့ကြတယ်။ အဲဒါအပြင် ထောင်တွေထဲမှာ၊ တိုင်းရင်းသား ဒေသတွေမှာ ပေါ်ပေါ်ထင်ထင်မဟုတ်ဘဲ ကျူးလွန်ခဲ့ကြတဲ့ ပြစ်မှုကြီးတွေလဲ မနည်းခဲ့ဘူး။ ဒါပေမယ့် ဗိုလ်ချုပ်ကြီးနေဝင်း အပါအဝင် စစ်ခေါင်းဆောင်တွေဟာ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ ပြဋ္ဌာန်းချက်မျိုးကို ထည့်သွင်းပြဋ္ဌာန်းခဲ့တာမျိုးမရှိဘူး။ အကြောင်းနှစ်ချက်ကြောင့် ဖြစ်တယ်။ ပထမ အချက်က တိုင်းပြည်အာဏာကို သူတို့ဆက်ပြီးထိမ်းထားနိုင်မယ်လို့ယုံကြည်မှုရှိခဲ့တယ်။ ဒုတိယ အချက်က တိုင်းပြည်အာဏာကို သူတို့ဆက်ပြီးထိမ်းထားနိုင်သမျှကာလ ပတ်လုံး သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေနဲ့ စပ်လျှဉ်းပြီး နိုင်ငံတကာက ဘယ်လိုမှ အရေးယူဆောင်ရွက်နိုင်တဲ့ အနေအထား မရှိခဲ့ဘူး။

ဒါပေမယ့် ၁၉၈၈ ခုနှစ် ဒုတိယအကြိမ် စစ်အာဏာသိမ်းအပြီးမှာတော့ ကမ္ဘာမှာ အခြေအနေတွေက ပြောင်းလဲသွားခဲ့ပြီ။ နိုင်ငံပေါင်း သုံးဆယ်ခန့်မှာ အာဏာသိမ်းအစိုးရတွေ ပြုတ်ကျသွားခဲ့ပြီး ဒီမိုကရေစီအသွင်းကူးပြောင်းမှု လှိုင်းကြီး ပေါ်လာတယ်။ ချီလီနိုင်ငံက ဗိုလ်ချုပ်ကြီးပီနိုရှေး၊ အင်ဒိုနီးရှားက ဗိုလ်ချုပ်ကြီး ဆူဟာတို၊ ယူဂိုဆလားဗီးယားကမိလိုဆိုးဗစ်၊ လိုက်ဘေးရီးယားက ချားလ်းစ်တေလာ၊ အစရှိတဲ့ အာဏာသိမ်း စစ်ခေါင်းဆောင်တွေ တယောက်ပြီးတယောက် ရုံးတက်ပြီး အမှုရင်ဆိုင်ရတဲ့ ခေတ်ကို ရောက်လာတယ်။ ဒီ အခြေအနေကြီးအောက်ကနေ လွတ်လိုလွတ်ငြားဆိုတဲ့ ရည်မှန်းချက်နဲ့ နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ ပြဋ္ဌာန်းချက်ကို လူထုက သတိမထားလိုက်မိခင်မှာ နအဖက ထည့်သွင်းပြဋ္ဌာန်းလိုက်ခြင်းပါဘဲ။

ဒါကြောင့် နာဂစ်ဖွဲ့စည်းပုံကို လက်ခံဖေါ်ဆောင်တဲ့ လုပ်ဆောင်ချက် မှန်သမျှဟာ ပြစ်မှုကျူးလွန်ခံရတဲ့ ပြည်သူတွေရဲ့ တရားမျှတမှုရှာဖွေဘို့ ကြိုးပမ်းချက်ကို သစ္စာဖေါက်ရာရောက်တယ်။ ပြစ်မှုကြီးတွေ ကျူးလွန်ခြင်တိုင်းကျူးလွန်ခဲ့ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတာကို အားပေးရာရောက်

တယ်။ ဒါမျိုးနဲ့ ဘယ်တော့မှ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး မရနိုင်ဘူး။ နာဂစ်ဖွဲ့စည်းပုံပြဌာန်းချက်သာ အစဉ်အလာဖြစ်သွားရင် နောင်ကို အပြစ်မဲ့ပြည်သူတွေအပေါ် သည်ထက်ကြီးမားတဲ့ ပြစ်မှုကြီးတွေ ထပ်ခါ ထပ်ခါ ကျူးလွန်လာမှာ သေချာသလောက်ဖြစ်တယ်။

အခုမျက်မှောက်ကာလကို နာဂစ်ဖွဲ့စည်းပုံအပေါ်ကို အခြေခံပြီး ပြည်သူတွေဘက်ကနေ ကြည့်ရင် ကြောက်စရာကောင်းလှတဲ့ ကာလဖြစ်တယ်။ ဘာကြောင့်သည်လို ပြောရတာပါလဲ။ ၂၀၀၈ မေလမှာ နာဂစ်ဖွဲ့စည်းပုံကို အတည်ပြုလိုက်ပြီ။ ဒါပေမယ့် ပုဒ်မ (၄၄၁) အရ ဆိုရင် နာဂစ်ဖွဲ့စည်းပုံဟာ ၂၀၁၀ ခုနှစ်ရွေး ကောက်ပွဲကျင်းပပြီး နောက်ပိုင်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပတဲ့ အချိန်ကျမှ စတင်အာဏာသက်ရောက်မယ်။ နာဂစ် ဖွဲ့စည်းပုံပြဌာန်းချက်အရ ပထမအချက်က ၂၀၀၈ ခုနှစ်မေလ မတိုင်မီတုံးက နအဖ ဗိုလ်ချုပ်တွေ ကျူးလွန်ခဲ့ပြီးတဲ့ ပြစ်မှုကြီးတွေနဲ့ စပ်လျှဉ်းလို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးထားတယ်။ ဒုတိယ အချက်က ၂၀၀၈ ခုနှစ်မေလ နောက်ပိုင်းကနေစပြီး ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီး ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး စတင်ကျင်းပတဲ့ အချိန်အထိ လာမည့်ကာလအတွင်းမှာ ထပ်မံကျူးလွန်မယ့် ပြစ်မှုကြီးတွေ အတွက်ပါကြိုတင် လွတ်ငြိမ်းချမ်းသာခွင့် ပေးထားပြန်တယ်။

ဒါကြောင့် ဥပဒေသဘောအရဆိုရင် ဒီကနေ့ကစလို့ ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်း ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပတဲ့ အချိန်အထိလာမယ့် နှစ်နှစ်တာကာလအတွင်း နအဖ ဗိုလ်ချုပ်တွေ နောက်ထပ်ထပ်မံပြီး ဘယ်လောက်ဘဲ ကြီးမားတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်ပါစေ၊ တရားစွဲဆို အရေးယူခွင့် မရှိတော့ဘူး။ ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပပေမယ့် ကျင်းပပြီးပြီးခြင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ခြင်မှ ခေါ်မယ်။ ဘယ်ကာလအတွင်းမှာခေါ်ရမယ် လို့ကန့်သတ်ပြဌာန်းထားတာ ဘာမှမရှိဘူး။ ဒါကြောင့် ၂၀၁၀ မှာ ရွေးကောက်ပွဲကျင်းပပေမယ့် ၂၀၁၃ ခုနှစ်ကျမှ ပြည်သူ့လွှတ်တော် အစည်းအဝေးခေါ်ခြင်ခေါ်မယ်။ ဒါဆိုရင် နောက်ထပ် ငါးနှစ်သက်တမ်းကြာဦးမယ်။ ဒီ ငါးနှစ်ကာလအတွင်းမှာ နအဖ ဗိုလ်ချုပ်တွေ လူတွေကို သတ်ခြင်သလောက်သတ်ဦး၊ ဥပဒေအရ အရေးယူခွင့် တရားစွဲဆိုခွင့်မရှိဘူးဆိုတာကို နာဂစ်ဖွဲ့စည်းပုံက ကြိုတင်လွတ်ငြိမ်းချမ်းသာခွင့် ပေးထားတယ်။ ဒါကြောင့် ဒီ ဖွဲ့စည်းပုံထက်ဆိုးတဲ့ ဖွဲ့စည်းပုံကမ္ဘာမှာ တခုမှမရှိဘူးလို့ ပြောနိုင်တယ်။

နိဂုံးချုပ်အနေနဲ့ နအဖ ဗိုလ်ချုပ်တွေကို တရားဝင်လူသတ် လိုင်စင်ပေးထားတဲ့ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ၎င်းအပေါ်အခြေခံတဲ့ ၂၀၁၀ ရွေးကောက်ပွဲ အပါအဝင် နအဖရဲ့ နိုင်ငံရေး လုပ်ငန်းစဉ်မှန်သမျှကို ပယ်ချပြီး တိုက်ဖျက်သွားရန်သာ ရှိတဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။